**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှု**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၂၈-၂-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၅/၂၀၁၉)ဖြင့် ဝန်ကြီးဌာနအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးအောင်ကျော်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူးမှာ အဖွဲ့ဝင်အဖြစ်ပါရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို ဌာန၏ (၉-၁၂-၂၀၁၉) ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၇၉၇/၂၀၁၉ ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ကို ဌာန၏ (၉-၁၂-၂၀၁၉) ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၇၉၈/၂၀၁၉ ဖြင့်လည်းကောင်း အောက်ပါအတိုင်း စတင်ဖွဲ့စည်းခဲ့ပါသည်-

(က) **ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးခင်မောင်မော်<br>ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဇင်ထူး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>မွေးမြူရေးဌာနခွဲ | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး<br>ကြီးကြပ်ရေးနှင့်အခွန်ဌာနခွဲ | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

(၁၀) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(၁၁) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၂) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၃) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၄) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၅) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၆) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(၁၇) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(၁၈) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၁၈) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(၂၀) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(၂၁) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနခွဲ

**( ခ) ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့**

(၁) ဦးညွန့်ခင် အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနခွဲ

(၂) ဦးနိုင်ဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စီမံရေးရာဌာနစု

(၃) ဦးအောင်ကျော်ထွန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာဌာနစု

(၄) ဒေါ်လဲ့လဲ့ခိုင် အဖွဲ့ဝင်
ဦးစီးအရာရှိ
စီမံရေးရာ(အင်အား)ဌာနစု

(၅) ဒေါ်တင်တင်သော် အဖွဲ့ဝင်
ဦးစီးအရာရှိ
စီမံရေးရာ(အုပ်ချုပ်မှု)ဌာနစု

(၆) ဒေါ်စိုးထက်ထက်အောင် အဖွဲ့ဝင်
ဒု-ဦးစီးမှူး
စီမံရေးရာ(ဥပဒေ)ဌာနစု

(၇) ဒေါ်တင်နွယ်နွယ်လတ် အဖွဲ့ဝင်
ဒု-ဦးစီးမှူး
စီမံရေးရာ(အင်အား)ဌာနစု

(၈) ဦးနေဦးလွင် အဖွဲ့ဝင်
ဒု-ဦးစီးမှူး
စီမံရေးရာ(အကျိုးခံစားခွင့်)ဌာနစု

(၉) ဦးကျော်ခန့်ဇင်ဦး အဖွဲ့ဝင်
အကြီးတန်းစာရေး
ထောက်ပံ့နှင့် ပို့ဆောင်ရေးဌာနစု

၂။ ထိုအပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးအဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး ခရိုင်/မြို့နယ်/စခန်းတာဝန်ခံများဖြင့် ဖွဲ့စည်းစေခဲ့ပါသည်။

၃။ ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဦးခင်မောင်မော်၊ ညွှန်ကြားရေးမှူးချုပ်သည် သက်ပြည့်အငြိမ်းစား ခံစားသွားသည့်အတွက် ဦးခင်မောင်မော် (အစား) ဦးဝေလင်းမောင်၊ ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ ဖြင့် အစားထိုးတာဝန်ပေးအပ်ခြင်းကို ဌာန၏ (၁၆-၃-၂၀၂၀)ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၁၅၆/၂၀၂၀ ဖြင့် ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ ကျန်အဖွဲ့ဝင်များမှာ မူလအတိုင်းဖြစ်ပါသည်။

၄။ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းကို ညွှန်ကြားရေးမှူးချုပ်များမှာ လုပ်ငန်းတာဝန်များပြားသည့်အတွက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြင့် ပြင်ဆင်ဖွဲ့စည်းရန် ညွှန်ကြားချက်အရ ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးဝေလင်းမောင်၊ ညွှန်ကြားရေးမှူးချုပ် (အစား) ဦးမြင့်ဇင်ထူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဥက္ကဋ္ဌ ဖြင့် ပြင်ဆင်တာဝန်ပေးအပ်ခြင်းကို ဌာန၏ (၆-၇-

၂၀၂၀) ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၄၃၄/၂၀၂၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကျန်အဖွဲ့ဝင်များမှာ မူလအတိုင်းဖြစ်ပါသည်။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးကျော်ငွေ၊ အမြဲတမ်းအတွင်းဝန်သည် သက်ပြည့် အငြိမ်းစားခံစားသွားသည့်အတွက် ဦးကျော်မင်းဦး၊အမြဲတမ်းအတွင်းဝန်ဖြင့် အစားထိုးတာဝန်ပေးအပ် ခြင်းကို ဝန်ကြီးဌာန၏(၇-၈-၂၀၂၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၂/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့ရာ တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးမြင့်ဇင်ထူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါသည်။

၆။ ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ထုတ်ဝေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေစာအုပ် ကိုလည်းကောင်း၊ လက်ကမ်းစာစောင်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)၊ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် ရည်ညွှန်းစာစောင် (၁)နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် ရည်ညွှန်းစာစောင်(၂)တို့ကိုလည်းကောင်း၊ ဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ ပြုစုထားသော အဂတိလိုက်စားမှုတားဆီးကာကွယ် ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ရုံးချုပ်ရှိ ဌာနခွဲများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနများ သို့ လေ့လာဖတ်ရှုနိုင်ရေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများရရှိရေး အတွက် ဖြန့်ဝေပေးခဲ့ပါသည်။


၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားလာသည့် တိုင်ကြားစာများအနက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူရန်မလိုအပ်သည့် တိုင်ကြားစာများအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ၂၀၁၈ခုနှစ်မှစ၍ လွှဲပြောင်းပေးပို့ခြင်းများရှိရာတွင် ငါးလုပ်ငန်းဦးစီး ဌာနနှင့်သက်ဆိုင်သည့် တိုင်ကြားစာ(၁၃)စောင် လက်ခံရရှိခဲ့ပါသည်။ အဆိုပါတိုင်ကြားစာများအပေါ် ဌာနမှစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍စိစစ်ခဲ့ရာ အရေးယူသည့်တိုင်ကြားစာ(၇)စောင်နှင့် အရေးယူခြင်း မရှိသည့် တိုင်ကြားစာ(၆)စောင်ရှိခဲ့ပါသည်။ အရေးယူခြင်းအနေဖြင့် အရာထမ်း(၇)ဦး နှင့်အမှုထမ်း (၁)ဦးတို့အား စာဖြင့်သတိပေးခြင်းပြစ်ဒဏ်၊ ရာထူးအဆင့်လျှော့ချခြင်းပြစ်ဒဏ်၊ နှစ်တိုးလစာရပ်ဆိုင်း ခြင်းပြစ်ဒဏ်၊ ရာထူးတိုးရပ်ဆိုင်းခြင်းပြစ်ဒဏ်တို့နှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများကို အုပ်ချုပ်မှု နည်းလမ်း အရ ဒေသပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) အကောင် အထည်ဖော် ဆောင်ရွက်ခြင်း


၃၆။ ငါးလုပ်ငန်းဦးစီးဌာန၊အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဦးဆောင်၍ အသေးစားအဂတိလိုက်စားမှုများလျှော့ချ နိုင်ရန်အတွက် ဌာန/အဖွဲ့အစည်းများတွင် ဝန်ဆောင်မှုရယူကြသောပြည်သူများထံသို့ Short Code “1111” ဖြင့် SMS

ပေးပို့၍ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းကို (၁–၄–၂၀၂၂)ရက်နေ့မှစ၍ အသုံးပြုရန်လျာထားခဲ့သော်လည်း (၁–၅–၂၀၂၂)ရက်နေ့မှသာ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အများပြည်သူထံသို့ SMS မှတဆင့် မေးခွန်းမေးမြန်ခြင်းများကို လစဉ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ စတင်ဆောင်ရွက်ချိန်မှ ယနေ့အချိန်အထိ အဂတိလိုက်စားမှုနှင့် ပတ်သက်သည့်ဖြေကြားချက်များ မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

2022 May to December




2023 January to August




**အများပြည်သူတုံ့ပြန်မှုအစီအစဉ် ဆောင်ရွက်မှုအခြေပြဂရပ်**